
# ဇန်နဝါရီလ ၂၀၁၇ ခုနှစ်၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး ထိန်းသိမ်းခံထားရသူ ၂၅၀ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၈၆ ဦး အကျဉ်း ကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၉၀ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၇၄ ဦးသည် ထောင်ပြင်ပမှ နေ၍ တရားရင်ဆိုင်နေရ သည်။



ဓာတ်ပုံ
ဇန်နဝါရီလ ၂၀၁၇ ခုနှစ်၊ ဧရာဝတီ

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

<u>*အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ*</u>

ဇန်နဝါရီလအတွက် ဆောင်းပါးများကို AAPP ၏ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်.

# တစ်လအတွင်းသုံးသပ်ချက်

****************************

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ၏ ဥပဒေအကြံပေးတစ်ဦးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ကိုနေဝင်းတို့ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် သေဆုံးခဲ့ခြင်းအတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ထပ်တူ ကြေကွဲ ဝမ်းနည်းရပါသည်။ ဦးကိုနီသည် ထူးချွန်သော ဥပဒေပညာရှင်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင်း ဒီမိုကရေစီရေးရာလုပ်ငန်းစဉ်နှင့် လူ့အခွင့် အရေးလှုပ်ရှားမှုတွင် ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ အရေးပါသော ပြယုဂ်တစ်ခုအဖြစ် ပြီးခဲ့သည့်နှစ်၊ ဧပြီလတွင် နိုင်ငံရေး အကျဉ်းသားအများအပြားကို လွှတ်ပေးခဲ့ရာတွင် ဦးကိုနီသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ပြီး AAPP နှင့်လည်း နီးကပ်စွာ မဟာမိတ်အဖြစ်ဆက်ဆံသူဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဦးကိုနီအား လွန်စွာအမှတ်ရနေလိမ့်မည်ဖြစ်သည်။ ဦးကိုနီနှင့် ဦးနေဝင်းတို့ သေဆုံး ခြင်း အတွက် AAPP မှ အစိုးရအား ပွင့်လင်းမြင်သာ၍ မျှတမှုရှိသော စုံစမ်းစစ်ဆေးမှုအား အမြန်ဆုံးပြုလုပ်ပေးပါရန် တိုက်တွန်းပါသည်။ ထို့အတူ ဦးကိုနီလုပ်ကြံခံရမှုတွင် မိမိ၏အသက်ကိုပင်ပဓာနမထားပဲ အကြမ်းဖက်သမားအား လိုက်လံဖမ်းဆီးရင်း အသက်ပေးလှူခဲ့သည့် အငှား ယာဉ်မောင်း ဦးနေဝင်းအားလည်း မိမိတို့အေအေပီပီမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ AAPP မှ ဦးကိုနီနှင့် ဦးနေဝင်းတို့၏ မိသားစုဝင်များနှင့် မိတ်ဆွေ အပေါင်းအသင်းများအား အထူး ဝမ်းနည်းကြောင်း သတင်းစကား ပြောကြားအပ်ပါသည်။

****************************

ယခုလတွင် တက်ကြွလှုပ်ရှားသူ စုစုပေါင်း ၃၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ ၎င်းတို့ထဲမှ ၂၅ ဦးသည် လယ်သမားများဖြစ်ကြပြီး လေးဦးသည် တိုင်းရင်းသား ဒေသများမှ တိုင်းရင်းသားများဖြစ်ကာ ကျန်တစ်ဦးသည် ဆယ်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ယခုလတွင် ၃၆ ဦးတရားစွဲဆိုခံခဲ့ရပြီး ထို ၃၆ ဦးထဲမှ ၂၅  ဦးသည် လယ်သမားများဖြစ်ပြီး ကိုးဦးသည် ကျောင်းသားများဖြစ်ကာ ကျန်နှစ်ဦးသည် တိုင်းရင်းသားများဖြစ်ကြသည်။ ယခုလတွင် လယ်သမား ၅၈ ဦး၊ ပုဒ်မ ၆၆(ဃ) ဖြင့်တစ်ဦး၊ တက်ကြွလှုပ်ရှားသူ တစ်ဦး အပါအဝင် စုစုပေါင်း ၆၀ ဦး လွတ်မြောက်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားနှစ်ဦးမှာမူ ကျန်းမာရေးဆိုးရွားလျက်ရှိကြောင်း သိရှိရသည်။

ဇန်နဝါရီလတွင်းတွင် လယ်သမားများသည် မတရားသိမ်းဆည်းခံထားရသော လယ်ယာမြေများနှင့် ပတ်သက်ပြီး ဆက်လက်၍ ဖမ်းဆီး၊ ထိန်းသိမ်းခံရလျက်ရှိသည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ နဝင်းဂရက် ကျေးရွာမှ လယ်သမား ၃၇ ဦးအား ဗိုလ်ကြီးဟောင်း ဦးသိန်းဝင်း၏ သားဖြစ်သူ ကိုဇေဇေအောင်မှ ၎င်းပိုင်ဆိုင်သော မြေပေါ်တွင် ဝါးခုတ်သည်ဟု စွပ်စွဲကာ ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှုတို့ဖြင့် အမှုဖွင့်ခဲ့သည်။ ဇန်နဝါရီလ ၃ ရက်နေ့တွင် မန္တလေးတိုင်း ဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ ခန်းလူးကျေးရွာမှ လယ်သမား ၂၁ ဦးတို့သည် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှုတို့ဖြင့် ဖမ်းဆီး၊ တရားစွဲဆိုခံခဲ့ရသည်။  ၂၀၁၁ ခုနှစ်တွင် အမှတ်(၂) စစ်ဖက်ရေးရာ လုံခြုံရေးအဖွဲ့(စရဖ)က ခန်လူးကျေးရွာသား ၂၄ ဦး ပိုင်ဆိုင် သည့် လယ်ယာမြေဧက ၇၀ ကျော်ကို သီးနှံလျော်ကြေး အနည်းငယ်သာပေးပြီး သိမ်းယူခဲ့ခြင်းမှ အစပြုကာ လယ်ယာမြေ အငြင်းပွားမှုစတင်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ထိုလယ်သမားများသည် အာမခံဖြင့် လွတ်မြောက်ခဲ့သည်။ ထို့ ကြောင့် မြန်မာနိုင်ငံတွင်း လယ်သမားအခွင့်အရေးနှင့် မတရားသိမ်းဆည်းခံ လယ်ယာမြေအရေးသည် ဆက်လက် ရှိနေသည်ကို ထိုအမှုများမှ မီးမောင်းထိုးပြလျက်ရှိသည်။ သို့ဖြစ်ပါ၍ မူလပိုင်လယ်ယာမြေများတွင် ထွန်ယက်ရန်ကြိုးစားသော လယ်သမားများ ကို ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်နိုင်ရန်၊ သိမ်းဆည်းခံလယ်ယာမြေအရေးကို အမြန်ဆုံးဖြေရှင်းရန်  AAPP မှ အစိုးရအား တိုက် တွန်း ပါသည်။

မတရားအသင်းအက်ဥပဒေအား ဆက်လက်အသုံးပြု၍ နိုင်ငံသားများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များတွင် ပါဝင်သည်ဟု စွပ်စွဲကာ ဖမ်းဆီး၊ ထိန်းသိမ်းလျက်ရှိသည်။  ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ပျောက်ဆုံးသွားခဲ့သော မုန်းကိုးမြို့နယ်မှ သင်းအုပ်ဆရာနှစ်ဦးဖြစ်သည့် ဦးဒွယ်ဒေါ့နောင်လတ် နှင့် ဦးဂျော်ဂမ်ဆိုင်းတို့အား ဖမ်းဆီးထားကြောင်း စစ်တပ် မှ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ၎င်းတို့အား မူဆယ်ရဲစခန်းသို့ ဇန်နဝါရီလ ၂၄ ရက်နေ့တွင်  လွှဲပြောင်းခြင်းမပြုမီ တစ်လနီးပါး ကြာ တရားစွဲဆိုခြင်းမရှိပဲ ထိန်းသိမ်းထားခဲ့သည်။ ယခုလက်ရှိတွင် ၎င်းတို့နှစ်ဦးအား မတရားအသင်းအက်ဥပဒေ ၁၇(၁)(၂)တို့ဖြင့် မူဆယ်မြို့နယ်ရဲစခန်း၌ အမှုဖွင့် စစ်ဆေးလျက်ရှိ သည်။ စစ်တပ်မှ ၎င်းတို့နှစ်ဦးအား ကချင် လွတ်မြောက်ရေး တပ်မတော် (KIA) အတွက် ဓာတ်ဆီများ သယ်ယူပို့ဆောင်ပေးခြင်း၊ သတင်းပေးခြင်း၊ လူသစ်စုဆောင်းပေးခြင်းနှင့် မဟုတ်မမှန် လုပ်ကြံ

ဇန်နဝါရီလအတွက် ဆောင်းပါးများကို AAPP ၏ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်.

ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ကြောင်း စွပ်စွဲထားသည်။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ တိကျသော အကြောင်းပြချက်များမရှိပဲ ဖမ်းဆီး၊ ထိန်းသိမ်းထားခြင်းသည် တရားဝင်ခြင်းမရှိပါ။ ထိုကဲ့သို့မတရားထိန်းသိမ်းထားခြင်းသည် လူ့အခွင့် အရေးချိုးဖောက်မှုကို ဖြစ်စေပြီး ထိုသူများကို ပြင်းထန်သော ထိခိုက်မှုဖြစ်စေသည်။ နိုင်ငံတကာမှ ဖိအားများပေးပြီးနောက် သင်းအုပ်ဆရာနှစ်ဦး၏ အခြေအနေအား စစ်တပ်မှ ထုတ်ဖော်ပြောဆိုရန် တစ်လနီးပါးကြာမြင့်ခဲ့သည်။ AAPP မှ သက်ဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာမှုရှိရန်နှင့် နိုင်ငံသားများအား လူ့အခွင့်အရေးချိုး ဖောက်မှုများမှ ကာကွယ်ရန် အတွက် ဖမ်းဆီး၊ ထိန်းသိမ်းထားမှုအားလုံးကို မှတ်တမ်းတင်ရန် တိုက်တွန်းပါသည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြန်မာတနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သူ ကိုမင်းဒွေးသည် အစိုးရစစ်ဆေးဂိတ်တွင် ဖမ်း ဆီးခံခဲ့ရသည်။ သူ့အား ကချင် လွတ်မြောက်ရေး တပ်မတော်နှင့် ဆက်သွယ်သည်ဟူသော စွဲချက်ဖြင့် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇/၁ ဖြင့် ရုံးထုတ်စစ်ဆေးခဲ့သည်။ ရက္ခိုင့်လွတ်မြောက်ရေးပါတီ (ALP)၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ၊ လူ့အခွင့်အရေးလုပ်ရှား သူတစ်ဦးဖြစ်သည့် ကိုခိုင်မျိုးထွန်း၏ ကျန်းမာရေးအခြေအနေ စိုးရိမ်ရသော်လည်း ဇန်နဝါရီလ ၁၃ ရက်နေ့တွင် သူ၏ အာမခံ လျှောက်ထားမှုသည် ဒုတိယအကြိမ် ငြင်းပယ်ခြင်းခံခဲ့ ရသည်။ ALP မှ စစ်တပ်အား ဂျနီဗာ စာချုပ်အား ချိုးဖောက်ကာ ဒေသခံများ အား အဓမ္မ လုပ်အားပေး ခိုင်းစေခဲ့ခြင်း၊ နှိပ်စက်ညှဉ်းပန်းခဲ့ခြင်းတို့ ပြုလုပ်နေကြောင်း စွပ်စွဲခဲ့ပြီးနောက် ကိုခိုင်မျိုးထွန်းသည် နိုင်ငံတော်အား အကြည်အညိုပျက်စေမှု၊ မမှန်မကန် သွေးထိုးလှုံ့ဆော်မှု၊ ရာဇ သတ်ကြီး ပုဒ်မ ၅၀၅(ခ) နှင့် ၅၀၅(ဂ) တို့ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ မတရားအသင်းအက်ဥပဒေ ၁၇(၁)ဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် ထောင်ဒဏ်လေးနှစ်ချမှတ် ခြင်းခံခဲ့ရသော ဘာသာပေါင်းစုံ ချစ်ကြည်ရေးလှုပ်ရှားသူ နှစ်ဦးဖြစ်သည့် ကိုဇော်ဇော်လတ်နှင့် မပွင့်ဖြူလတ်တို့၏ အာမခံလျှောက်ထားမှုအား မန္တလေးတိုင်း တရားရုံးမှပယ်ချခဲ့သည်။ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့နယ်၊ ပလောင် အုပ်ချုပ်ခွင့်ရဒေသ၊ ဟူးမန်းကျေးရွာတွင် နေထိုင်သော ရွာသားနှစ်ဦးအား စစ်တပ်မှ ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သည်။ စစ်တပ်မှ ၎င်းတို့နှစ်ဦးအား လက်နက် ကိုင်အဖွဲ့၏ အဖွဲ့ဝင်များဖြစ်သည်ဟု သံသယရှိခဲ့သည်။ ထိုဖမ်းဆီး၊ ထိန်းသိမ်းမှုများသည် အစိုးရမှ အကောင်အထည်ဖော်လျက်ရှိ သော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို နှောင့်နှေးစေသည်သာမက နိုင်ငံသားများ၏ အခြေခံအခွင့်အရေးဖြစ် သော လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့ခွင့်ကိုပါ ချိုးဖောက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း ပုဒ်မ ၂၀ (၁) တွင် လူတိုင်း လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့ခွင့်ရှိ သည်ဟုဖော်ပြထား သည်။ ထို့ကြောင့် AAPP မှ အစိုးရအား မတရားအသင်းအက်ဥပဒေအား ပြင်ဆင်ဖြည့်စွက်ရန် တိုက်တွန်းပြီး တရားစွဲဆိုခြင်းမပြုမီ ထိန်းသိမ်းထားခြင်းအား နောက်ဆုံး ရွေးချယ်စရာနည်းလမ်းအဖြစ် သုံးသင့်ကြောင်း တိုက်တွန်းပါသည်။ AAPP မှ ကျန်းမာရေး အခြေအနေကောင်းမွန်ခြင်းမရှိသူများကို အာမခံပေးသင့်ကြောင်း တိုက်တွန်းပြီး ထိန်းသိမ်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများ အား မျှတမှုရှိစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန်လည်း တိုက်တွန်းအကြံပြု ပါသည်။

နိုင်ငံသားများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှ ရပ်တန့်သွားစေရန် အသရေဖျက်မှုဥပဒေများဖြစ်သည့် ဆက်သွယ်ရေး ဥပဒေ၊ ပုဒ်မ ၆၆(ဃ)၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ တို့အား ဆက်လက် အသုံးပြုလျက်ရှိသည်။ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် စစ်တပ်မှ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ကျောင်းသား ကိုးဦးအား တရားစွဲဆိုခဲ့သည်။ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့ နယ်၊ ပုသိမ်ဟိုတယ်တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား ဖြစ်ပွားနေသော ပဋိပက္ခများကို ပြဇာတ်ကပြခဲ့ပြီးနောက် ထိုကျောင်းသားများသည် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ ဇန်နဝါရီလ ၇ ရက်၊ ၁၁ ရက်နှင့် ၁၇ ရက်နေ့တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ သုတေသနဌာန၏ အတွင်းရေးမှူးဖြစ်သူ ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှုသည် ငြင်းပယ်ခြင်းခံခဲ့ရသည်။ ကိုမျိုးရန်နောင်သိမ်းသည် သူ၏ လူမှုကွန်ရက် စာမျက်နာတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အသရေဖျက်ခဲ့ခြင်းအတွက် ဆက်သွယ်ရေး ဥပဒေ၊ ပုဒ်မ ၆၆/ဃ ဖြင့် တရားရင်ဆိုင်နေရသည်။ သူသည် မောင်တော နယ်စပ်တိုက်ခိုက်မှုများနှင့် ဆက်နွယ်၍ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဝေဖန်ခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏ ဥက္ကဌဖြစ်သူ သူရဦးရွှေမန်းနှင့် သားဖြစ်သူ ဦးတိုးနိုင်မန်းတို့ကို အသရေဖျက်သည်ဟူသော စွပ်စွဲချက်ဖြင့် အပတ်စဉ်ထုတ် သူရိယနေဂန်းဂျာနယ်သည် အမှုဖွင့်ခြင်းခံခဲ့ရသည်။ အငြိမ်းစားတပ်မတော်အရာရှိ ဦးမြင့်ဇော်က သူရိယနေဝန်းဂျာနယ် ထုတ်ဝေသူ ဦးခင်အေး၊ ဂျာနယ်တိုက် အုပ်ချုပ်သူ ဦးကျော်တင့်နှင့် ဆောင်းပါးရှင် ထောင်သူရဲဘအုပ်တို့ကို ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆ (ဃ)ဖြင့် မင်္ဂလာဒုံမြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ ရခိုင်အမျိုးသားပါတီ

.

ဇန်နဝါရီလအတွက် ဆောင်းပါးများကို AAPP ၏ အင်တာနက်စာမျက်နာတွင် ဖတ်ရှုနိုင်ပါသည်

(ANP) ၏ ဥက္ကဋ္ဌဖြစ်သူ၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အောင်ဆိတ်ကျေးရွာမှ ဦးမောင်တင်ထွန်းသည် ဦးသာလှထွန်းအား ဆက်သွယ်ရေးဥပဒေ၊ ဥပဒေ၊ ပုဒ်မ ၆၆(ဃ)ဖြင့် စစ်တွေမြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဦးသာလှထွန်းသည် ခွင့်ပြုချက်မရှိပဲ လူမှုကွန်ရက်စာမျက်နှာ၌ ဦးမောင်တင်ထွန်း၏ ဓာတ်ပုံကို အသုံးပြုခဲ့ခြင်း၊ ANP ဥက္ကဋ္ဌ ဦးအောင်မောင်းအပါအဝင် ANP ၏ အဆင့်မြင့်အရာရှိများကို အသရေဖျက်ခဲ့ခြင်းများပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ စုံစမ်းစစ်ဆေးမှုများ စတင်ပြီဖြစ်သော်လည်း ဦးသာလှထွန်းသည် ဖမ်းဆီးခံရခြင်းမရှိသေးပါ။

လူမှုအသိုင်းအဝိုင်းအတွင်းဖြစ်ပွားလျက်ရှိသော ပြဿနာများအတွက် ပုဒ်မ ၆၆(ဃ) အား လက်နက်သဖွယ် ဆက်လက် အသုံးပြုကာ မတရား ဖမ်းဆီး၊ ထိန်းသိမ်းလျက်ရှိသည်။ ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခံထားရသော ကိုရှိုင်းထက်အောင်၏ အာမခံလျှောက်ထားမှုအား ဇန်နဝါရီလ ၅ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်တရားသူကြီးမှ ပယ်ချခဲ့သည်။ လေလွင့်ခွေးများ ချစ်သူများအဖွဲ့မှ အဖွဲ့ဝင် ဒေါ်ကြူကြူသိန်းလွင်မှ သူမအား အသရေဖျက်ခြင်းအတွက် ကိုရှိုင်းထက်အောင်အား အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ)နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၀ တို့သည် လွဲမှားစွာ ဆက်လက် အသုံးပြုခြင်းခံရလျက်ရှိသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလကတည်းမှ လက်ရှိကာလထိ AAPP မှ ပုဒ်မ ၆၆(ဃ) အမှုများအား မှတ်တမ်းပြုလျက်ရှိပြီး ၇၅ ရာခိုင်နှုန်းသော တိုင်ကြားမှုများတွင် အသရေဖျက်ခံရသောသူမှ တိုင်ကြားခြင်းမရှိပဲ တခြားသူတစ်ဦးမှ တိုင်ကြားခြင်းဖြစ်သည်။ တိကျသေချာမှုမရှိသော အသရေဖျက်မှုဥပဒေကို လိုသလိုအသုံးပြုနေသည်ကို ထိုအခြင်းအရာများမှ ထင်ဟပ်ပြနေသည်။ ထိုဥပဒေများကို ရာဇဝတ်မှုဆိုင်ရာ ဥပဒေများကဲ့သို့ သုံးစွဲနေသည်မှာ သင့်တော်ခြင်းမရှိပဲ အခြေခံလူ့အခွင့်အရေးကိုလည်း ထိခိုက်စေသည်။ ဇန်နဝါရီလ အစီရင်ခံစာတွင် ပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသော လူမှုအသိုင်းအဝိုင်းပြဿနာတစ်ခုအား ဥပမာအနေဖြင့် ထည့်သွင်းဖော်ပြထားသည်။ ထိုအမှုများသည် နိုင်ငံရေးဆိုင်ရာ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် တိုက်ရိုက် ဆက်နွယ်ခြင်းမရှိသော်လည်း လူမှု့ရေးရာဆိုင်ရာ ထင်မြင် ယူဆချက်များမှ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ရန် ပုဒ်မ ၆၆(ဃ)ကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် မလိုလားအပ်သော ထိန်းသိမ်းထားမှုများဖြစ်ပေါ်လာသည်။ အသရေဖျက်သော အမှုများသည် အချိန်တိုင်း ဖြစ်ပေါ်လျက်ရှိသည်ကို AAPP မှ သိရှိပြီး ပြစ်မှုမြောက်သော အမှုများဖြစ်စေရန် အသုံးပြုခြင်းမှ အဆုံးသတ်ရန် ပုဒ်မ ၆၆(ဃ) အား ချက်ခြင်း ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ပါသည်။ တရားစွဲဆိုခြင်းမပြုမီ ထိန်းသိမ်းရာတွင် များစွာသော ပမာဏကို ကျခံသုံးစွဲခြင်းရခြင်းကြောင့် ထိုပမာဏကို ကျခံသုံးစွဲရခြင်းမှ လျော့နည်းစေရန် အသရေဖျက်မှုစွဲချက်များကို လူမှုရေးဆိုင်ရာအမှုကိစ္စများကဲ့သို့သာဖြေရှင်းသင့်ပြီး ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးကဲ့သို့ ထိုပြဿနာများကို ဖြေရှင်းရန်မသင့်ပါ။ ထို့ကြောင့် AAPP မှ အစိုးရအား နိုင်ငံသားများအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခြင်းမှ တားမြစ်ထားသော ထိုဥပဒေများအား ခြွင်းချက်မရှိ အမြန်ဆုံး ပြင်ဆင်ဖြည့်စွက်ရန် သို့ မဟုတ် ဖျက်သိမ်းရန် တိုက်တွန်းပါသည်။

> • • •
>
> “၇၅ ရာခိုင်နှုန်းသော တိုင်ကြားမှုများတွင် အသရေဖျက်ခံရသောသူမှ တိုင်ကြားခြင်းမရှိပဲ တခြားသူတစ်ဦးမှ တိုင်ကြားခြင်းဖြစ်သည်။”
>
> • • •

ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကွန်လုံကျေးရွာအုပ်စု၊ ရေပူကျေးရွာမှ လယ်သမား ၅၅ ဦးတို့သည် တောင်လေးလုံး အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တောင်ကြီးမြို့နယ် တရားရုံးမှ ထိုလယ်သမားများအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ထိုတောင်သူများအား ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဇန်နဝါရီလ ၃ ရက်နေ့တွင် မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်၊ ခန်လူးကျေးရွာမှ လယ်သမား ၂၁ ဦးသည် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှုတို့ဖြင့် ဖမ်းဆီး၊ တရားစွဲဆို ခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် အမှတ်(၂) စစ်ဖက်ရေးရာ လုံခြုံရေးအဖွဲ့(စရဖ)က ခန်းလူးကျေးရွာသား ၂၄ ဦး ပိုင်ဆိုင်သည့် လယ်ယာမြေဧက ၇၀ လောက်ကို သီးနှံလျော်ကြေးအနည်းငယ်သာပေးပြီး သိမ်းယူခဲ့ခြင်းမှ အစပြုကာ လယ်ယာမြေ အငြင်းပွားမစတင်လာခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ထိုလယ်သမားများသည် အာမခံငွေဖြင့် လွတ်မြောက်ခဲ့သည်။ အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ် ဦးသန်းထွဋ်အောင်သည် ထောင်တွင်းတွင် နလုံးရောဂါခံစားရခြင်း

.

အပါအဝင် ပြင်းထန်စွာ ကျန်းမာရေးချို့တဲ့မှုနှင့် များစွာသော အာမခံလျှောက်ထားမှုများပြီးနောက် ဇန်နဝါရီလ ၆ ရက်နေ့တွင် ဦးသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ကိုဝေဖြိုးတို့သည် တစ်ဦးလျှင် ကျပ်သိန်းငါးရာဖြင့် အာမခံရရှိခဲ့သည်။ ၎င်းတို့အား တရားစွဲဆိုခဲ့သော ထိုဆောင်းပါးကိုရုတ်သိမ်းပြီး တောင်းပန်ကြောင်း ကြေငြာချက်ထုတ်ပြီးသည့်နောက်တွင် ၎င်းတို့နှစ်ဦးသည် ဆက်လက်ထိန်းသိမ်းခံခဲ့ရသည်။ AAPP မှ အာမခံပေးခဲ့သည့် တရားရုံးဆုံးဖြတ်ချက်ကို ကြိုဆိုပါသည်။ သို့သော်လည်း ကျန်းမာရေးပြဿနာများရှိသော်လည်း အာမခံအကြိမ်ကြိမ်ငြင်းပယ်ခံရခြင်းသည် လက်ခံနိုင်ဖွယ်မရှိသည်ကို ၎င်းတို့နှစ်ဦးက မြင်သာစွာပြလျက်ရှိသည်ကို အလေးပေးပြောကြားချင်ပါသည်။ ထိုအမှုသည် မြန်မာနိုင်ငံတွင် တရားစွဲဆိုခံရခြင်းမပြုမီ ထိန်းသိမ်းထားခြင်းကို သုံးစွဲနေသော နောက်ထပ် ဥပမာတစ်ခုဖြစ်သည်။ AAPP မှ တရားစွဲဆိုခံရခြင်းမပြုမီ ထိန်းသိမ်းထားခြင်းကို နိုင်ငံတကာ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေး စာချုပ်ပါ ပုဒ်မ ၉(၃) နှင့်အညီ အမြန်ဆုံး ကျင့်သုံးပါရန် တိုက်တွန်း၊ အကြံပြုပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အစီအစဉ်ဖြင့်ဇန်နဝါရီလ ၂၅ ရက်နေ့နှင့်၂၆ ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့ မှူးရုံးသင်တန်းခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲအရာရှိ ငါးဆယ်ဦးအား လူ့အခွင့်အရေးဆိုင်ရာ သင်တန်းပို့ချပေးခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျူးဆင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး စံချိန်၊ စံညွှန်းများ နှင့်အညီ အချိုးညီစွာ ကျင့်သုံးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေးသင်တန်းပေးခြင်းသည် အခြေခံကျသော နိုင်ငံသား အခွင့်အရေးကို ကာကွယ်ခြင်း ပြီး AAPP မှ MNHRC ပြုပြင်ပြောင်းလဲရန်အတွက် ကြာရှည်စွာ စည်းရုံးလှုံ့ဆော် မှုပြုလျက်ရှိသည်။ MNHRC အနေဖြင့် လူ့အခွင့်အရေးစံချိန်စံညွှန်းများအတိုင်း ပြည့်မီနိုင်မည့် သင်တန်းပို့ချမှုများအား အစိုးရဌာနများအတွင်း ကျယ်ကျယ်ပြန့်ပြန့်ပိုမိုလုပ်ဆောင်သင့်ကြောင်း အကြံပြု တိုက်တွန်းလိုက်ပါသည်။

အစိုးရသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးရရှိရန်နှင့် တရားဥပဒေစိုးမိုးရေးမြှင့်တင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများသည် ပိုမိုဆိုးရွားလျက်ရှိသည်။ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြား တိုက်ပွဲများ ပိုမို ဖြစ်ပွားနေ ခြင်း၊ လယ်ယာမြေ အခွင့်အရေးချိုးဖောက်မှုများ၊ တခြားလူ့အခွင့်အရေးနှင့် နိုင်ငံသားများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်မှုများအား ဇန်နဝါရီ အစီရင်ခံစာတွင် တွေ့မြင်နိုင်သည်။ ထို့ကြောင့် AAPP မှ အစိုးရအား AAPP အသိအမှတ်ပြုထားသော အားလုံးပါဝင်နိုင်သည့် လက်ကျန် နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် တိုက်တွန်းပါသည်။ နိုင်ငံသားအားလုံး၏ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးကို ကာကွယ်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဦးစားပေးဖြစ်ရမည်ဖြစ်ပြီး ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုကိုလည်း အရေးတကြီး ဆောင်ရွက်ရမည်ဖြစ်သည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂၈၇၈ ၇၅၁**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၄၂၅၃၀ ၈၈၄၀**
**ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၁၇၃၄၈**